**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

စကားပြောကြေးနန်း

ပါမောက္ခချုပ် -၀၁ - ၂၂၂၂၅၈

ရုံး (ပင်မ) ၀၁ - ၂၂၂၈၈၃

၀၁ - ၂၂၂၈၈၄

၀၁ - ၂၂၂၈၈၅

၀၁ - ၂၂၂၈၉၉

ရုံး (တိုးချဲ့) ၀၁ - ၂၂၈၂၀၅


# သူနာပြုဘွဲ့လွန်သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုမဟာသိပ္ပံ သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်း သူနာပြုများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုမဟာသိပ္ပံသင်တန်း** (Master of Nursing Science)

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုမဟာသိပ္ပံ (လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Adult Health Nursing) | ၂နှစ် |
| (ခ) | သူနာပြုမဟာသိပ္ပံ (မိခင်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Maternal Health Nursing) | ၂နှစ် |
| (ဂ) | သူနာပြုမဟာသိပ္ပံ (ကလေးကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Child Health Nursing) | ၂နှစ် |
| (ဃ) | သူနာပြုမဟာသိပ္ပံ (စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Mental Health Nursing) | ၂နှစ် |
| (င) | သူနာပြုမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ)<br>Master of Nursing Science (Community Health Nursing) | ၂နှစ် |
| (စ) | သူနာပြုမဟာသိပ္ပံ (အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ)<br>Master of Nursing Science (Nursing Administration & Management) | ၂နှစ် |
| (ဆ) | သူနာပြုမဟာသိပ္ပံ (အထူးကြပ်မတ်ကုသမှုသူနာပြုစုမှုပညာ)<br>Master of Nursing Science (Critical Care Nursing) | ၂နှစ် |
| (ဇ) | သူနာပြုမဟာသိပ္ပံ (အထွေထွေ)<br>Master of Nursing Science (General) | ၂နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်/ပေါင်းကူး) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာ ပိတ်သည့်ရက်တွင် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နှင့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ရရှိပြီးနောက် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ လျှောက်လွှာပိတ်သည့်နေ့အထိ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

**(ဃ) သူနာပြုမဟာသိပ္ပံ ( အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုပညာ ) သင်တန်းအတွက် လုပ်သက်( ၅ )နှစ် ရှိသူဖြစ်ရမည်။**

( င ) သူနာပြုမဟာသိပ္ပံသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက် ( ၄၅ )နှစ် မကျော်လွန်သူ ဖြစ်ရမည်။

( စ) သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (၄ - ၈- ၂၀၂၃ ) ရက် ( သောကြာနေ့ ) ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး ) မှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိသည့် ဝင်ခွင့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသော လျှောက်လွှာများအား သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ ဆက်လက်ပေးပို့ရန် မလိုပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်လျှောက်လွှာ မိတ္တူတစ်စုံကို ငွေသွင်းချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန် သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ သူနာပြုမဟာသိပ္ပံသင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ (၆-၁၀-၂၀၂၃)ရက် ( သောကြာနေ့ ) နေ့လယ်(၁)နာရီမှ (၃)နာရီအထိ ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ်၊ MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့် မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်ဖြစ်သည်။

၁၁။ ဝင်ခွင့်လျှောက်လွှာ ခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ် ၊ ဖုန်းနံပါတ် ၊ ၀၁-၂၂၂၈၈၃ ၊ ၀၁-၂၂၂၈၈၄ ၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ( သို့မဟုတ် ) သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**